## တင်ဒါအောင်မြင်သည့်လုပ်ငန်းများအတွက် လိုက်နာဆောင်ရွက်ရမည့် အခွန်ဆိုင်ရာသိကောင်းစရာများ

၁။ အခွန်ထမ်းပြည်သူများအနေဖြင့် အစိုးရဌာနများမှ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် တည်ဆောက်ရေးလုပ်ငန်း၊ ယာဉ်နှင့်စက်ကိရိယာ၊ ပရိဘောဂဝယ်ယူရေးလုပ်ငန်းများကို တင်ဒါအောင်မြင်ခြင်းများအတွက် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးဆောင်ရမည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ တံဆိပ်ခေါင်းခွန်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာကိစ္စရပ်များအား သိရှိနိုင်ပါရန် အသိပေးအပ်ပါသည်။

၂။ ဝင်ငွေခွန်နှင့်စပ်လျဉ်း၍ တင်ဒါရရှိသူသည် တစ်ဦးချင်းပုဂ္ဂလိကလုပ်ငန်းရှင်ဖြစ်ပါက ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သတ်မှတ်ထားသော သက်သာခွင့်များခုနှိမ်ပြီးနောက် လုပ်ငန်းမှ အသားတင်အမြတ်အပေါ် ၂၀၂၀ ပြည့်နှစ် ပြည်ထောင်စု၏အခွန်အကောက် ဥပဒေပါ ဝင်ငွေခွန်နှုန်းထားဖြစ်သည့် ၀% မှ ၂၅% ဖြင့်လည်းကောင်း၊ တင်ဒါရရှိသူသည် ကုမ္ပဏီဖြစ်ပါက ဝင်ငွေခွန် ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ယင်းကုမ္ပဏီက ရရှိသည့်စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၅%ဖြင့်လည်းကောင်း ဝင်ငွေခွန်ပေးဆောင်ရမည်ဖြစ်ပါသည်။

၃။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၈ အရ အစိုးရဌာနအဖွဲ့အစည်းများသည် တင်ဒါစနစ်ဖြင့် နိုင်ငံတော်အတွင်း ပစ္စည်းဝယ်ယူခြင်း၊ လုပ်ငန်းဆောင်ရွက်ပေးစေခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ပေးစေခြင်းတို့အတွက် ငွေပေးချေသည့်အချိန်တွင် ကျသင့်သော ဝင်ငွေခွန်ကို နုတ်ယူပေးသွင်းရမည်ဖြစ်ပါသည်။ ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားသို့ ပေးချေပါက ပေးချေငွေအပေါ် ၂%၊ ပြည်ပနေနိုင်ငံခြားသားသို့ ပေးချေပါက ပေးချေငွေအပေါ် ၂.၅% နုတ်ယူပေးသွင်းရမည် ဖြစ်ပါသည်။

၄။ ကုန်သွယ်လုပ်ငန်းခွန်နှင့်စပ်လျဉ်း၍ တင်ဒါအောင်မြင်သူများအနေဖြင့် ၂၀၂၀ ပြည့်နှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(က)ပါ ကုန်စည်များနှင့် ပုဒ်မခွဲ(ဃ)ပါ ဝန်ဆောင်မှုများအတွက် တင်ဒါရရှိခြင်းဖြစ်ပါက ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ရရှိသဖြင့် ထိုကိစ္စရပ်များမှအပ ကျန်ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် တင်ဒါရရှိခြင်းဖြစ်ပါက ကုန်သွယ်လုပ်ငန်းခွန် ၅% ပေးဆောင်ရမည်ဖြစ်ပါသည်။

၅။ မော်တော်ယာဉ်များ ရောင်းချခွင့် တင်ဒါအောင်မြင်သူများအနေဖြင့် Double Cab 4 Door Pickup မှ အပ ၁၅၀၁ CC နှင့်အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့်ဝက်ဂွန်ကားများ၊ ကူပေး (Coupe) ကားများ ထုတ်လုပ်/တင်သွင်းရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန် ပေးဆောင်ရမည်ဖြစ်ပါသည်။ အထူးကုန်စည်ခွန်နှုန်းများမှာ ၁၅၀၁ CC မှ ၂၀၀၀ CC အထိ ၁၀%၊ ၂၀၀၁ CC မှ ၄၀၀၀ CC အထိ ၃၀%၊ ၄၀၀၁ CC အထက် ၅၀% ပေးဆောင်ရမည်ဖြစ်ပါသည်။

၆။ တင်ဒါအောင်မြင်သူများအနေဖြင့် အစိုးရဌာနအဖွဲ့အစည်းများနှင့်သဘာတူစာချုပ် ချုပ်ဆိုရာတွင် မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေဇယား (၁)၊ အမှတ်စဉ် ၅(ဂ)အရ တန်ဖိုးအပေါ် ၁% ပေးဆောင်

ရပါမည်။ သို့ရာတွင် အများဆုံးပေးဆောင်ရမည့် တံဆိပ်ခေါင်းခွန်မှာ ကျပ် ၁၅၀,၀၀၀ ဖြစ်ပါသည်။ ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်အား တင်ဒါအောင်မြင်သူက ပေးဆောင်ရမည်ဖြစ်ပါသည်။

၇။ အခွန်ထမ်းပြည်သူများအနေဖြင့် တင်ဒါအောင်မြင်သည့်လုပ်ငန်းများအတွက် လိုက်နာဆောင်ရွက်ရမည့် အခွန်ဆိုင်ရာကိစ္စရပ်များအား အသေးစိတ်သိရှိလိုပါက www.ird.gov.mm တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန